# အင်္ဂလိပ်စာဖတ်ခြင်း လုံလောက်မှုဥပဒေ (Reading Sufficiency Act (RSA)) Third Grade ဆက်လက်ထားရှိခြင်းဥပဒေ

**RSA ဆိုတာဘာလဲနှင့် ကျောင်းသား/သူအပေါ်တွင် ဘယ်လိုသက်ရောက်မှုရှိသလဲ?**

Oklahoma ပြည်နယ် ဥပဒေပြုလွှတ်တော်မှ ထုတ်ပြန်သောဥပဒေအရ တတိယတန်းကျောင်းသား/သူသည် Oklahoma School Testing Program (OSTP) မှစစ်ဆေးသော **reading comprehension** နှင့် **vocabulary** စာမေးပွဲတွင် Unsatisfactory of Limited Knowledge (သတ်မှတ်ထားသောအောင်မှတ်ထက်နိမ့်သောအမှတ်) ရရှိပါက ခိုင်လုံသောအကြောင်းပြချက်ကြောင့် တတိယတန်းဆက်လက်ထားရှိခြင်းမှ ကင်းလွတ်ခွင့်ရသောသူများ သို့မဟုတ် အစမ်းသပ်ခံအတန်းတိုးမြှင့်ခြင်းခံရသောသူများအပ စတုတ္ထတန်းသို့ အလိုအလျောက်တက်နိုင်မည် မဟုတ်ပါ။ မိဘ/အုပ်ထိန်းသူ၊ အတန်းပိုင်ဆရာ/မ နှင့် စာဖတ်ခြင်း၌ အထူးကျွမ်းကျင်သူတို့ဖြင့် ဖွဲ့စည်းထားသော Student Reading Proficiency Team (SRPT) မှနေ၍ ကျောင်းသား/သူအား အတန်းတက်စေရန် သင့်မသင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါသည်။

**Jenks Public Schools အနေဖြင့် RSA နှင့်ပက်သက်၍ ဘာတွေလုပ်ဆောင်နေသလဲ?**

Jenks Public Schools အနေဖြင့် သင့်ကလေးအတွက် အရည်အချင်းပြည့်မီသော ဆရာ/မများနှင့် ကောင်းမွန်သောပညာရေးကို စီစဉ်ပေးထားပါသည်။ မူလတန်းကျောင်းတွင် တက်ရောက်နေသော ကလေးငယ်များကို စာဖတ်ခြင်း၌ အခက်အခဲရှိမရှိကို အနီးကပ်စောင့်ကြည့်ပေးခြင်းဖြင့် အခက်အခဲရှိသော ကျောင်းသား/သူများအား အထူးအာရုံစိုက်၍ အပိုသင်ကြားမှုများ ပို့ချပေးပါသည်။ စာဖတ်စွမ်းရည်ဆုံးဖြတ်နိုင်ရန်အတွက် ကျောင်းသား/သူများအားလုံးကို STAR Reading Assessment ဖြေဆိုခိုင်းခြင်းဖြင့် ကျောင်းသား/သူတစ်ယောက်စီ၏ စာဖတ်ခြင်းစံထားနှုန်းအမှတ်ကို သိရှိနိုင်ပါသည်။ ထို့အပြင် ဆရာ/မကလည်း ကျောင်းသား/သူတစ်ယောက်ချင်းစီ၏ စာဖတ်ခြင်းစွမ်းရည်နှင့်ကိုက်ညီသော စာအုပ်များ ရွေးချယ်ပေးနိုင်မှာဖြစ်ပြီး သင့်တော်သော အကောင်းဆုံးသင်ကြားပို့ချမှုများကိုလည်း စီစဉ်ပေးနိုင်မှာ ဖြစ်ပါသည်။

**Individualized Program of Reading Instruction (IPRI) ဆိုတာဘာလဲ?**

အတန်းနှင့်ကိုက်ညီသော စာဖတ်စွမ်းရည်အဆင့်အောက်တွင်ရှိသော မူလတန်းကျောင်းသား/သူများအား Individualized Program of Reading Instruction (IPRI) ကို စီစဉ်ပေးပါသည်။ ထိုသီးခြားသင်ကြားပို့ချမှုစနစ်ဟာ မိဘများအား အိမ်၌ ဘယ်လိုကူညီစာပြပေးနိုင်မည်ဆိုတာနှင့်ပက်သက်သော အချက်အလက်များကို ပေးသွားမှာဖြစ်ပါသည်။ ဆရာ/မကလည်း ကျောင်းသား/သူအား အပိုသင်ကြားပို့ချမှုနှင့် တစ်နေ့တစ်ခါ လေ့ကျင့်ချိန်ပေးခြင်းဖြင့် ကျောင်းသား/သူသည် အတန်းနှင့်ကိုက်ညီသော စာဖတ်စွမ်းရည်ကို ရရှိနိုင်မှာဖြစ်ပါသည်။

**မိဘအနေနှင့် ဘယ်လိုကူညီနိုင်မလဲ?**

အလေ့အကျင့်က ပြည့်စုံစေတယ်! သင့်ကလေးစာဖတ်သည့်အခါ တိတ်ဆိတ်သောအချိန်နှင့် နေရာပေးခြင်းဟာ အလွန်အထောက်အကူဖြစ်စေပါသည်။ သင့်ကလေးနှင့် သို့မဟုတ် သူ့ကို စာဖတ်ပြခြင်းဟာ အင်္ဂလိပ်စာအသံထွက်ကို

တိုးတက်စေသည်သာမက စာဖတ်ခြင်း၌ ပျော်ရွှင်မှုကိုလည်း ရစေနိုင်ပါသည်။ သင့်ကလေး၏ စာဖတ်စွမ်းရည်နှင့် ကိုက်ညီသောစာအုပ်များထားရှိရန် အရေးကြီးပါသည်။ အကယ်၍ သင့်အိမ်၌ ထိုစာအုပ်များမရှိပါက သင့်ကလေးအား ကျောင်းမှ စာအုပ်များယူလာခိုင်းခြင်း သို့မဟုတ် Tulsa County စာကြည့်တိုက်သို့ လိုက်ပို့ပေးပါ။ ဆရာ/မ သို့မဟုတ် ကျောင်းစာကြည့်တိုက်မှူးမှနေ၍ စာဖတ်စွမ်းရည်နှင့်ကိုက်ညီသော စာအုပ်များအိမ်သို့ယူဆောင်လာနိုင်ခြင်းနှင့်ပက်သက်၍ ကူညီပေးပါလိမ့်မည်။

## ကျောင်း + မိဘ = အောင်မြင်မှု